The Republic of the Union of Myanmar

# The Environmental Conservation Law 2012

Ministry of Environmental Conservation and Forestry

Nay Pyi Taw 2012

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ

## (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ။)

## ၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

## (၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ပတ်ဝန်းကျင်** ဆိုသည်မှာ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာ တို့ ပါဝင်သည့် လူသားတို့ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များကို လည်းကောင်း၊ တိရစ္ဆာန်နှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များ ကို လည်းကောင်း ဆိုသည်။

# The Environmental Conservation Law

## The Pyidaungsu Hluttaw Law No. 9 / 2012

## The 8th Waxing Day of Tagu, 1373 M. E.

## (30th March, 2012)

The Pyidaungsu Hluttaw hereby enacts this Law:

## Chapter I

## Title and Definition

1. This Law shall be called the Environmental Conservation Law.

2. The following expressions contained in this Law shall have the meanings given hereunder:

   (a) **Environment** means the physical factors in the human environment, including land, water, atmosphere, climate, sound, odour, taste, the biological factors of various animals and plants and historical, cultural, social and aesthetic factors;

(ခ) **ပတ်ဝန်းကျင်အရည်အသွေး** ဆိုသည်မှာ သဘာဝနှင့် လူသားများ ရေရှည်တည်တံ့ရေး အကျိုးငှာ တိရစ္ဆာန်၊ အပင်နှင့် သဘာဝ သယံဇာတ အရင်းအမြစ်များအပြင် လူတို့ ဖန်တီးပြုလုပ်ထားသော ပစ္စည်းများပါဝင်သည့် သဘာဝ၏ ဟန်ချက်ညီမှုကိုဆိုသည်။

(ဂ) **ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်း** ဆိုသည်မှာ ပတ်ဝန်းကျင် အရည်အသွေးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအလို့ငှာ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများအတွက် ယေဘုယျအရည်အသွေး သတ်မှတ်ချက်ကို ဆိုသည်။

(ဃ) **ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မှု** ဆိုသည်မှာ အောက်ပါတို့ကို သတ်မှတ်ရန် အချိန်ကာလ အပိုင်းအခြားအလိုက် စနစ်တကျမှတ်တမ်းပြုလုပ်၍ ခမ္မဓိဋ္ဌာန်ကျကျ အကဲဖြတ်ခြင်းကို ဆိုသည်-

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကွပ်ကဲမှုဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှု အခြေအနေ၊

(၂) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်၊

(၃) အဆောက်အအုံ၊ မြေနေရာနှင့် ဥပစာများတွင် ဖြစ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်အမျိုးမျိုး။

(င) **ညစ်ညမ်းမှု** ဆိုသည်မှာ ပတ်ဝန်းကျင်ကို အကျိုးရှိစွာ အသုံးပြုခြင်းအား ထိခိုက်စေရန်သော်လည်းကောင်း၊ အများပြည်သူ၏ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကိုဖြစ်စေ၊ တိရစ္ဆာန်နှင့်အပင်များကိုဖြစ်စေ၊ ထိခိုက်စေရန်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပေးထားသော ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်း

(b) **Environmental Quality** means the balance of nature including man made objects and also animals, plants, natural resources for the benefit of sustainability of nature and human beings;

(c) **Environmental Quality Standard** means the parameters of general quality for enhancement and conservation of environmental quality for environmental situations;

(d) **Environmental Audit** means periodic, systematically documented and objective evaluation to determine the followings:

(i) correspond with regulatory requirements on environmental conservation;

(ii) environmental management system;

(iii) various possible environmental risks to the buildings, plots and premises.

(e) **Pollution** means any direct or indirect alteration, effect of the physical, thermal, chemical or biological properties of any part of the environment including land, water and atmosphere by discharging, emitting

ချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍ သော်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ရှိ ပစ္စည်းများ၊ ညစ်ညမ်းပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း သို့မဟုတ် စုပုံခြင်းဖြင့် မြေထု၊ ရေထု၊ လေထု အပါအဝင် ပတ်ဝန်းကျင် အစိတ်အပိုင်းတစ်ရပ်ရပ်၏ ရုပ်ပိုင်းဆိုင်ရာ၊ အပူဓာတ်ဆိုင်ရာ၊ ဓာတုဆိုင်ရာ သို့မဟုတ် သက်ရှိဇီဝဆိုင်ရာ ဂုဏ်သတ္တိများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောင်းလဲစေမှု၊ သက်ရောက်စေမှု တစ်ရပ်ရပ်ကို ဆိုသည်။

(စ) **အသံညစ်ညမ်းမှု** ဆိုသည်မှာ စိတ်အနှောင့်အယှက်ဖြစ်စေသော၊ ပင်ပန်းနွမ်းနယ်မှု ဖြစ်စေသော၊ အကြားအာရုံဆိုးရွားမှုဖြစ်ပေါ်စေသော သို့မဟုတ် အခြားအသံခံစားမှုကို အနှောင့်အယှက် ဖြစ်စေသော အသံအတိုင်းအတာတစ်ရပ် ဖြစ်ပေါ်နေမှုကို ဆိုသည်။

(ဆ) **ညစ်ညမ်းပစ္စည်း** ဆိုသည်မှာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပတ်ဝန်းကျင် အစိတ်အပိုင်း သို့မဟုတ် အခြေခံတစ်ရပ်ရပ်ကို အကျိုးရှိစွာ အသုံးပြုခြင်းအား ထိခိုက် စေရန် အရည်အသွေးပြောင်းလဲစေသည့် သို့မဟုတ် ကျန်းမာရေးကို ဘေးအန္တရာယ်ဖြစ်သည့် သို့မဟုတ် ဖြစ်စေနိုင်သည့် သို့မဟုတ် ညစ်ညမ်းမှုကို ဖြစ်စေနိုင်သည့် အစိုင်အခဲ၊ အရည် သို့မဟုတ် အခိုးအငွေ့ကိုဆိုသည်။

(ဇ) **စွန့်ပစ်ပစ္စည်း** ဆိုရာတွင် ပတ်ဝန်းကျင်၌ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော ပစ္စည်း ပမာဏ၊ ဖွဲ့စည်းမှု သို့မဟုတ် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ပတ်ဝန်းကျင်တွင် စွန့်ပစ်သည့်၊ ထုတ်လွှတ်သည့် သို့မဟုတ် စုပုံသည့်

or depositing environmental hazardous substances, pollutants or wastes so as to affect beneficial use of environment, or to affect public health, safety or welfare, or animals and plants or to contravene any condition, limitation or prohibition contained in the prior permission issued under this Law;

(f) **Noise Pollution** means the occurrence of sound unit which causes annoyance, fatigue, loss of hearing or interference with the perception of other sounds;

(g) **Pollutant** means solid, liquid, or vapour which directly or indirectly alters the quality so as to affect beneficial use of any segment or element of the environment or is hazardous or potentially hazardous to health or causes pollution;

(h) **Waste** includes solid, liquid, or vapour and also includes anything which is classified as waste in accord with this Law including radioactive substance which is discharged, emitted or deposited in the

ရေဒီယိုသတ္တိကြွပစ္စည်း အပါအဝင် အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့ အပြင် ဤဥပဒေနှင့်အညီ စွန့်ပစ်ပစ္စည်းဖြစ်သည်ဟု သတ်မှတ်ထားသော အရာတစ်ခုခုလည်းပါဝင်သည်။

(ဈ) **ဘေးအန္တရာယ်ရှိပစ္စည်း** ဆိုသည်မှာ ဓာတုပစ္စည်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ လူ၊ တိရစ္ဆာန်၊ အပင်၊ ပစ္စည်း သို့မဟုတ် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သည့် ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဇီဝလက်နက်အဖြစ် ဖန်တီးအသုံးပြုနိုင်သောပစ္စည်း၊ ချူကလီးယားလက်နက်အဖြစ် အသုံးပြုနိုင်သောပစ္စည်း၊ မီးလောင်စေတတ်သောပစ္စည်း၊ အောက်ဆီဂျင်ဖြင့် ဓာတ်ပြုစေတတ်သောပစ္စည်း၊ အဆိပ်အတောက်ဖြစ်စေတတ်သော ပစ္စည်း၊ ရောဂါဖြစ်ပွားစေတတ်သောပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း၊ မျိုးရိုးဗီဇပြောင်းလဲ စေတတ်သောပစ္စည်း၊ စားလောင်စေတတ်သောပစ္စည်း၊ ယားယံရောင်ရမ်းစေခြင်း အပါအဝင် ကျန်းမာရေးကို ထိခိုက်စေတတ်သောပစ္စည်း သို့မဟုတ် အရာဝတ္ထုကို ဆိုသည်။

(ည) **အကျိုးရှိစွာအသုံးပြုခြင်း** ဆိုသည်မှာ အများပြည်သူ၏ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကို ဖြစ်ပေါ်စေနိုင်ရန် စွန့်ပစ်ပစ္စည်းများ၊ အညစ်အကြေးများ၊ ထုတ်လွှတ်ပစ္စည်းများနှင့် စုပုံပစ္စည်းများ၏ ဆိုးကျိုးသက်ရောက်မှုမှ လိုအပ်သော ကာကွယ်မှုများပြုလုပ်၍ ပတ်ဝန်းကျင်ကိုဖြစ်စေ၊ ပတ်ဝန်းကျင်အခြေခံ တစ်ရပ်ရပ်ကိုဖြစ်စေ အစိတ်အပိုင်းတစ်ရပ်ရပ်ကို ဖြစ်စေ အသုံးပြုခြင်းကို ဆိုသည်။

environment in such volume, constituency or any manner which causes environmental pollution;

(i) **Hazardous Substance** means a substance or object which may affect health including explosive substance, substance which may be created and used as a biological weapon, substance which may be used as a nuclear weapon, inflammable substance, oxidizing and peroxidizing substance, toxic substance, pathogenic substance, radioactive substance, genetic transforming substance, corrosive substance, irritating objects, whether chemical or not, which can be harmful to human being, animal, plant, property or environment;

(j) **Beneficial Use** means the use of the environment or any element or segment of the environment after making required protections from the adverse effects of wastes, discharges, emissions and deposits so as to cause public health, safety or welfare;

(ဋ) **ပိုမိုသန့်ရှင်းစွာထုတ်လုပ်မှု** ဆိုသည်မှာ သယံဇာတ အရင်းအမြစ် အသုံးချမှု ပိုမိုထိရောက်စေရေး၊ စွန့်ပစ်ပစ္စည်း၊ ရေဆိုးနှင့် ထုတ်လွှတ်အခိုးအငွေ့များ အနည်းဆုံး ဖြစ်စေရေး၊ ကောင်းမွန် သန့်ရှင်းသော သဘာဝနှင့် လူ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားရှိရေးတို့အတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ထုတ်လုပ်သည့်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဘက်စုံမဟာဗျူဟာများဖြင့် စဉ်ဆက်မပြတ် အသုံးချဆောင်ရွက်ခြင်းကို ဆိုသည်။

(ဌ) **ထိန်းချုပ်ရေးပစ္စည်းကိရိယာ** ဆိုရာတွင် အောက်ပါတို့ပါဝင်သည်-

(၁) စွန့်ပစ်ပစ္စည်းသိမ်းဆည်းသည့် ကိရိယာတန်ဆာပလာ တစ်ခုခု၊

(၂) ပစ္စည်းကိရိယာတစ်ခုခုကို ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်ရေးအတွက် အသုံးပြုနိုင်သည့် အလိုအလျောက် ကိရိယာတစ်ခုခု၊

(၃) ညစ်ညမ်းမှုကို ညွှန်ပြသည့်၊ မှတ်တမ်းတင်သည့် သို့မဟုတ် အလွန်အမင်း ညစ်ညမ်းမှုကို သတိပေး အချက်ပြသည့် ကိရိယာတစ်ခုခု၊

(၄) ညစ်ညမ်းမှုကို ကန့်သတ်ရန်အလို့ငှာ အသုံးပြုသည့် အခြား ကိရိယာ သို့မဟုတ် အထောက်အကူပြုသည့်ပစ္စည်းတစ်ခုခု။

(ဍ) **ဂေဟစနစ်** ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များ သဟဇာတဖြစ်လျက် တည်ရှိနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ဆိုသည်။

(k) **Cleaner Production** means the continuous application of multi-strategy on environmental conservation to processes, products and services to improve the use of resource efficiently, minimize waste, polluted water and emissions and conserve the healthy nature and human environment;

(l) **Control Equipment** includes the followings:

(i) any apparatus for collecting waste;

(ii) any automatic device which can be used for more effective operation of any equipment;

(iii) any device for indicating or recording pollution or warning of excessive pollution;

(iv) any other device or facility used for the purpose of limitation of pollution;

(m) **Ecosystem** means the natural system existing living, non-living substances and plants in compatibility and the natural environment which have been evolving due to such system;

(ပ) **ပိုင်ရှင်** ဆိုသည်မှာ အဆောက်အအုံ၊ မြေနေရာ သို့မဟုတ် ယာဉ်တစ်မျိုးမျိုးကို ပိုင်ဆိုင်သူ၊ လုပ်ငန်းရှင်၊ တာဝန်ခံလုပ်ကိုင်ဆောင်ရွက်သူ၊ အငှားချသူ သို့မဟုတ် ပစ္စည်းထိန်းသော် လည်းကောင်း၊ ယင်းပုဂ္ဂိုလ်တစ်ဦးဦး၏ အမွေဆက်ခံသူ၊ ယုံမှတ်အပ်နှံခံရသူ သို့မဟုတ် ကိုယ်စားလှယ်ကိုသော်လည်းကောင်း ဆိုသည်။

(ဏ) **လက်ရှိဖြစ်သူ** ဆိုသည်မှာအဆောက်အအုံ၊ မြေနေရာတစ်ခုခုကို သော်လည်းကောင်း၊ ယင်း၏အစိတ်အပိုင်း တစ်ခုခုကိုသော်လည်းကောင်း၊ ယာဉ်တစ်မျိုးမျိုးကိုသော်လည်းကောင်း လက်ရှိဖြစ်သူ သို့မဟုတ် ကြီးကြပ်ကွပ်ကဲသူ တစ်ဦးဦးကို ဆိုသည်။

(တ) **ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေ** ဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ ပြုလုပ်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်လာသည့် ဘေးအန္တရာယ် သို့မဟုတ် ညစ်ညမ်းမှုကို ချက်ချင်းအရေးယူဆောင်ရွက်ခြင်းမပြုပါက အများပြည်သူအား ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိုသော်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုသော်လည်းကောင်း ထိပါးစေနိုင်သည့်အခြေအနေကိုဆိုသည်။

(ထ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီကို ဆိုသည်။

(ဒ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(n) **Owner** means owner, proprietor, operator in charge, lessor or receiver of any building, plots, or vehicle, or heir, trustee or representative of such person;

(o) **Occupier** means any person in occupation or control of any building, plot or any part of it, or any vehicle;

(p) **Environmental Emergency** means the situation which may affect the safety and health of the public or the environment and ecosystem if natural or man-made disaster or pollution is not taken action immediately;

(q) **Committee** means the Environmental Conservation Committee formed under this Law;

(r) **Ministry** means the Union Ministry assigned by the Union Government to perform the matters of environment;

(ဓ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် သက်ဆိုင်ရာ ဦးစီး ဌာနကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည် ဖော် ဆောင်ရွက်နိုင်ရန်၊

(ခ) စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ ကိစ္စရပ်များ စနစ်တကျ ပေါင်းစပ်ဆောင်ရွက်ရန်အလို့ငှာ အခြေခံမူများ ချမှတ်နိုင်ရန်နှင့် လမ်းညွှန်မှုများပြုနိုင်ရန်၊

(ဂ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့် ယဉ်ကျေး မှု အမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်နိုင်ရန်၊

(ဃ) ဆုတ်ယုတ်ပျောက်ကွယ်စ ဖြစ်နေသော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည် ဖော်ထုတ်ရန်၊

(င) သဘာဝသယံဇာတ အရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေး နှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် စီမံဆောင် ရွက်နိုင်ရန်၊

(s) **Department** means the relevant Department formed under this Law.

## Chapter II
## Objectives

3. The objectives of this Law are as follows:

(a) to enable to implement the Myanmar National Environmental Policy;

(b) to enable to lay down the basic principles and give guidance for systematic integration of the matters of environmental conservation in the sustainable development process;

(c) to enable to emerge a healthy and clean environment and to enable to conserve natural and cultural heritage for the benefit of present and future generations;

(d) to reclaim ecosystems as may be possible which are starting to degenerate and disappear;

(e) to enable to manage and implement for decrease and loss of natural resources and for enabling the sustainable use beneficially;

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင် ပြန့်ပွားရေးအတွက် ပညာပေးရေးနှင့် ပညာသင်ကြားရေး အစီအစဉ်များကို အများပြည်သူတို့သိရှိပြီး ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဆ) ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်၊

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းခြင်း

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးသည့် ပြည်ထောင်စုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သင့်လျော်သော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။

(ခ) အဖွဲ့ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဘက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(f) to enable to implement for promoting public awareness and cooperation in educational programmes for dissemination of environmental perception;

(g) to enable to promote international, regional and bilateral cooperation in the matters of environmental conservation;

(h) to enable to cooperate with Government departments, Government organizations, international organizations, non-government organizations and individuals in matters of environmental conservation.

## Chapter III

## Formation of the Environmental Conservation Committee

4. (a) The Union Government shall form the Environmental Conservation Committee with the Union Minister for the Union Ministry assigned by the Union Government as the Chairman and with suitable members to conserve the environment of the Republic of the Union of Myanmar;

(b) In forming the Committee, the Vice Chairman, Secretary and Joint Secretary shall be assigned among the members of the Committee;

(c) The Union Government may re-form the Committee.

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

၆။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစည်းရုံးမှုများနှင့် လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊

(ခ) ကျောင်းသင်ခန်းစာများတွင် ပါဝင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး သင်ခန်းစာများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်ရန် အကြံပြုခြင်း၊

(ဂ) ပြည်တွင်းပြည်ပမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် နည်းပညာဆိုင်ရာ အကူအညီများ လက်ခံရယူခြင်း၊ ယင်းငွေနှင့် ပစ္စည်းများ၊ နည်းပညာများကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် လိုအပ်သလို စီမံခန့်ခွဲ အသုံးပြုခြင်း၊

(ဃ) သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင့်လျော်သည့် အကြံပြုချက်များနှင့် တိုက်တွန်းချက်များ ပေးပို့ခြင်း၊

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် လိုအပ်သော အဆိုပြုချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံခြင်း၊

(စ) ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်ဆီးမှုများ ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ ထိခိုက်ပျက်စီးနိုင်သော အခြေအနေများ ဖြစ်ပေါ်လျှင်သော်

5. The Union Government shall stipulate functions and duties of the Committee to enable to implement the objectives contained in this Law.

6. The powers of the Committee are as follows:

(a) carrying out organizational education and activities relating to environmental conservation;

(b) suggesting to enable to amend and insert, as may be necessary, the lessons on environmental conservation contained in school lessons after coordinating with the relevant departments;

(c) accepting donations, grants, materials and technological aids from local and foreign and managing and using such money, materials and technologies as may be necessary in environmental conservation works;

(d) sending suitable suggestions and encouragements relating to environmental conservation to the relevant Government departments and organizations;

(e) asking necessary proposals and suggestions from the relevant Government departments and organizations for conservation and enhancement of environment;

(f) prohibiting the relevant Government departments and organizations if the environmental damages

လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများအား တားမြစ်ခြင်းနှင့် လိုအပ်ပါက ပြည်ထောင်စုအစိုးရ အဖွဲ့သို့ မူဝါဒတောင်းခံခြင်း၊

(ဆ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင် ရေးရာမူဝါဒများနှင့် အခြားပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း။

## အခန်း (၄)
## ဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ နိုင်ငံတစ်ဝန်းလုံးနှင့်ဆိုင်သော လုပ်ငန်း အစီအစဉ်များကိုလည်းကောင်း၊ ဒေသဆိုင်ရာ လုပ်ငန်း အစီအစဉ်များကိုလည်းကောင်း ရေးဆွဲချမှတ်ခြင်း၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက်လည်းကောင်း၊ ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုမဖြစ်စေရန် ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့်

arise or situations for damage arise and, if necessary, asking policy to the Union Government;

(g) laying down and carrying out the Myanmar national environmental policies and other environmental policies for conservation and enhancement of environment with the approval of the Union Government.

## Chapter IV
## Duties and Powers relating to the Environmental Conservation of the Ministry

7. The duties and powers relating to the environmental conservation of the Ministry are as follows:

(a) implementing the environmental conservation policies;

(b) planning and laying down national or regional work plans relating to environmental management;

(c) laying down, carrying out and monitoring programmes for conservation and enhancement of the environment, and for conservation, control and

လျော့နည်းပပျောက်ရေးတို့အတွက် လည်းကောင်း အစီအစဉ်များကို ချမှတ်ခြင်း၊ ဆောင်ရွက်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်း၊

(ဃ) ပတ်ဝန်းကျင်အရည်အသွေး ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် ထုတ်လွှတ် အခိုးအငွေ့များ၊ စွန့်ထုတ်အရည်များနှင့် စွန့်ထုတ်အစိုင်အခဲများ၊ ကုန်ထုတ်လုပ်မှု နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် ထွက်ကုန်များ၏ စံချိန်စံညွှန်းများအပါအဝင် ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊

(င) ပတ်ဝန်းကျင်နှင့်စပ်လျဉ်းသည့် ဥပဒေရေးရာကိစ္စရပ်များ၊ လမ်းညွှန်ချက်များအပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေသော သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသော စီးပွားရေးဆိုင်ရာ ဆွဲဆောင်မှုနည်းလမ်းများနှင့် စည်းကမ်းချက်များအတွက် အဆိုပြုချက်များကို ကော်မတီသို့ တင်ပြခြင်း၊

(စ) ပတ်ဝန်းကျင်ဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းရန် အထောက်အကူပေးခြင်းနှင့် လိုအပ်ပါက ယင်းအငြင်းပွားမှုများကို ညှိနှိုင်းပေးရန် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊

(ဆ) စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊ အညစ်အကြေး စွန့်ပစ်ရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဓာတုပစ္စည်း သို့မဟုတ် အခြားဘေးအန္တရာယ်ရှိသည့် ပစ္စည်းများထုတ်လုပ်သုံးစွဲရာမှ ထွက်ရှိလာနိုင်သော စွန့်ပစ်သည့် ဘေးအန္တရာယ်ရှိပစ္စည်း၏ အမျိုးအစားနှင့် အတန်းအစားများကို သတ်မှတ်ခြင်း၊

abatement not to cause environmental pollution;

(d) prescribing environmental quality standards including standards on emissions, effluents, solid wastes, production procedures, processes and products for conservation and enhancement of environmental quality;

(e) submitting proposals to the Committee for economic incentive mechanisms and terms and conditions which may not affect the environment or cause least environmental affect for sustainable development in addition to legal affairs and guidelines relating to environment;

(f) facilitating for the settlement of environmental disputes and, if necessary, forming bodies to negotiate such disputes;

(g) specifying categories and classes of hazardous wastes generated from the production and use of chemicals or other hazardous substances in carrying out industry, agriculture, mineral production, sanitation and other activities;

(ဈ) ပတ်ဝန်းကျင်ကို လက်ငင်း၊ ရေတိုရေရှည်တွင် သိသာထင်ရှားစွာ ထိခိုက်စေနိုင်သော ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုးအစားများ သတ်မှတ်ခြင်း၊

(ဉ) အဆိပ်အတောက်နှင့် ဘေးအန္တရာယ်ရှိ ပစ္စည်းများပါဝင်သည့် စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ်အရည်၊ ထုတ်လွှတ်အခိုးအငွေ့ ပစ္စည်းများအား ပြုပြင်သန့်စင်ရေးအတွက် လိုအပ်သည့် စက်ရုံများ၊ စခန်းများ တည်ထောင်ရေးကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(ည) စက်မှုနယ်မြေများနှင့် အခြားလိုအပ်သော နေရာ၊ အဆောက်အအုံများတွင် စွန့်ပစ်ရေ သန့်စင်မှုဆိုင်ရာ စည်းကမ်းများသတ်မှတ်ခြင်း၊ စက်၊ ယာဉ်၊ ယန္တရားများက ထုတ်လွှတ်မှုဆိုင်ရာ စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဋ) ပတ်ဝန်းကျင်ရေးရာနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံအချင်းချင်း သဘောတူညီချက်များ၊ စာချုပ်စာတမ်းများ၊ အစီအစဉ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဌ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်အရည်အသွေး မြှင့်တင်ရေးတို့အတွက် မြန်မာနိုင်ငံက လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံအချင်းချင်း သဘောတူညီချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ကော်မတီကဖြစ်စေ ချမှတ်သည့် လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(h) prescribing categories of hazardous substances that may affect significantly at present or in the long run on the environment;

(i) promoting and carrying out the establishment of necessary factories and stations for the treatment of solid wastes, effluents and emissions which contain toxic and hazardous substances;

(j) prescribing the terms and conditions relating to effluent treatment in industrial estates and other necessary places and buildings and emissions of machines, vehicles and mechanisms;

(k) negotiating, cooperating and implementing in respect of international, regional and bilateral agreements, instruments and programmes relating to matters of environment;

(l) implementing the international, regional and bilateral agreements accepted by Myanmar for environmental conservation and enhancement of environmental quality in accord with the guidance adopted by the Union Government or the Committee;

(ဍ) အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်မည့် စီမံချက် သို့မဟုတ် လုပ်ဆောင်မှုသည် ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာ ထိခိုက်စေနိုင်ခြင်း ရှိ မရှိနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရထိခိုက်မှု ဆန်းစစ်သည့် စနစ် တစ်ရပ်ကို ချမှတ်ဆောင်ရွက်စေခြင်း၊

(ဎ) အိုဇုန်းလွှာကာကွယ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ အဏ္ဏဝါ ကမ်းခြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုကို လျော့ချရေးနှင့် လိုက်လျောညီထွေ ရှိရေး၊ သဲကန္တာရဖြစ်ပေါ်မှု တိုက်ဖျက်ရေး၊ ပျက်စီးရန်မလွယ်ကူသော ညစ်ညမ်း ပစ္စည်းများကို စီမံခန့်ခွဲရေးနှင့် အခြားပတ်ဝန်းကျင် ရေးရာကိစ္စများ အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး၊ ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေး ဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဏ) ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကိုညစ်ညမ်းစေသူက ပေးလျော် စေရန်၊ သဘာဝ ပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိ သည့် အဖွဲ့အစည်းများက ရန်ပုံငွေ ထည့်ဝင်စေရန်၊ သဘာဝသယံ ဇာတများ ထုတ်ယူရောင်းဝယ်သုံးစွဲသည့် လုပ်ငန်းများမှ အကျိုး အမြတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်း များတွင် ထည့်ဝင်စေရန် စီမံခန့်ခွဲခြင်း၊

(တ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရ အဖွဲ့မှ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

(m) causing to lay down and carry out a system of environmental impact assessment and social impact assessment as to whether or not a project or activity to be undertaken by any Government department, organization or person may cause a significant impact on the environment;

(n) laying down guidances relating to the management, conservation and enhancement of environment for the matters of protection of ozone layer, conservation of biologial diversity, conservation of coastal environment, mitigation and adaptation of global warming and climate change, combating desertification and management of non-depleting substances and management of other environmental matters;

(o) managing to cause the polluter to compensate for environmental impact, cause to contribute fund by the organizations which obtain benefit from the natural environmental service system, cause to contribute a part of the benefit from the businesses which explore, trade and use the natural resources in environmental conservation works;

(p) carrying out other functions and duties assigned by the Union Government relating to environmental conservation.

၈။ ဝန်ကြီးဌာနသည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ရငွေအပြင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နိုင်ငံတော်၏ငွေစာရင်းတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ရန်ပုံငွေတစ်ရပ်ကို တည်ထောင်ရမည်။

## အခန်း(၅)
## ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေ

၉။ (က) ကော်မတီသည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုတွင်သော်လည်းကောင်း၊ နယ်မြေတစ်ခုခုတွင်သော်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ် ပေါ်ပေါက်ကြောင်း သို့မဟုတ် ထိုသို့ပေါ်ပေါက်နိုင်ကြောင်းသိရှိလျှင် ယင်းသို့ အခြေအနေတစ်ရပ် ပေါ်ပေါက်ကြောင်း ထုတ်ပြန်ကြေညာနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ချက်ချင်းတင်ပြရမည်။

(ခ) ကော်မတီ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ် အခြေအနေနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆောင်ရွက်ရမည်။

8. The Ministry shall establish an Environmental Management Fund in the Union Budget in accord with the financial regulations and by-laws of the Union for effective implementation of environmental conservation works in addition to the receipt from the Union Consolidated Fund.

## Chapter V
## Environmental Emergency

9. (a) If the Committee is aware that an event of environmental emergency has occurred or may occur in the entire Myanmar or any Region or State or any area, it shall immediately report to the Union Government so as to declare the occurrence of such event;

(b) The Committee, Ministry and Department shall carry out necessary measures relating to the environmental emergency.

# အခန်း(၆)

# ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများ

၁၀။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏ သဘောတူညီချက်ဖြင့် အောက်ပါ ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများကို သတ်မှတ်နိုင်သည်-

(က) မြစ်၊ ချောင်း၊ တူးမြောင်း၊ စိမ့်စမ်းအင်းအိုင်၊ နွံတော၊ ကန်၊ ရေလှောင်တမံနှင့် အများပြည်သူဆိုင်ရာ အခြားကုန်းတွင်းရေ ရရှိနိုင်သည့် နေရာများတွင် အသုံးချမှုအလိုက် ဆီလျော်သည့် မြေပေါ်ရေ အရည်အသွေး စံချိန်စံညွှန်းများ၊

(ခ) ပင်လယ်ကမ်းရိုးတန်းနှင့်မြစ်ဝဒေသများအတွက် ရေအရည်အသွေး စံချိန်စံညွှန်းများ၊

(ဂ) မြေအောက် ရေအရည်အသွေး စံချိန်စံညွှန်းများ၊

(ဃ) လေထု အရည်အသွေး စံချိန်စံညွှန်းများ၊

(င) အသံနှင့် တုန်ခါမှု စံချိန်စံညွှန်းများ၊

(စ) ထုတ်လွှတ်အခိုးအငွေ့ စံချိန်စံညွှန်းများ၊

(ဆ) စွန့်ထုတ်အရည် စံချိန်စံညွှန်းများ၊

(ဇ) စွန့်ထုတ်အစိုင်အခဲစံချိန်စံညွှန်းများ၊

(ဈ) ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် အခြားပတ်ဝန်းကျင် အရည်အသွေး စံချိန် စံညွှန်းများ။

# Chapter VI

## Environmental Quality Standards

10. The Ministry may, with the approval of the Union Government and the Committee, stipulate the following environmental quality standards:

(a) suitable surface water quality standards in the usage in rivers, streams, canals, springs, marshes, swamps, lakes, reservoirs and other inland water sources of the public;

(b) water quality standards for coastal and estuarine areas;

(c ) underground water quality standards;

(d) atmospheric quality standards;

(e) noise and vibration standards;

(f) emissions standards;

(g) effluent standards;

(h) solid wastes standards;

(i) other environmental quality standards stipulated by the Union Government.

၁၁။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏ သဘောတူညီချက်ဖြင့် သိပ္ပံနှင့် နည်းပညာတိုးတက်မှုများနှင့်အညီ သော်လည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်အရသော်လည်းကောင်း ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများကို အချိန်ကာလနှင့် နေရာဒေသအလိုက် အများပြည်သူ အကျိုးငှာ ဖြည့်စွက်ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၂။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုက တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ သတ်မှတ်သည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းထက်ပိုမိုပါက ဆက်လက်အတည်ဖြစ်စေရမည်ဖြစ်ပြီး ယင်းစံချိန်စံညွှန်းအောက် လျော့နည်းပါက ဝန်ကြီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းကသာလျှင် အတည်ဖြစ်စေရမည်။

## အခန်း(၇)
## ပတ်ဝန်းကျင်ထိန်းသိမ်းရေး

၁၃။ ဝန်ကြီးဌာနသည် ကော်မတီ၏ လမ်းညွှန်ချက်အရ အောက်ပါလုပ်ငန်းကိစ္စရပ်များတွင် မိမိဝန်ကြီးဌာနကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ဖြစ်စေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဘက်စုံစောင့်ကြပ်ကြည့်ရှု စစ်ဆေးရေးစနစ်ထားရှိ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

11. The Ministry may, with the approval of the Union Government and the Committee, insert, modify and stipulate the environmental quality standards for the interests of the public in accord with the scientific and technological advances or requirement of work according to time and area.

12. If any environmental quality standard stipulated by any Government department, Government organization under any existing law is more than the quality standard stipulated by the Ministry, it shall remain in force; however if it is less than such standard, only the standard stipulated by the Ministry shall be in force.

## Chapter VII
## Environmental Conservation

13. The Ministry shall, under the guidance of the Committee, maintain a comprehensive monitoring system and implement by itself or in co-ordination with relevant Government departments and organizations in the following matters:

(က) ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာ ထိခိုက်စေမည့် စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများကို အသုံးပြုခြင်း၊

(ခ) စက်မှုလုပ်ငန်းများတွင် ညစ်ညမ်းပစ္စည်း၊ ဘေးအန္တရာယ်ရှိပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်း၊

(ဂ) သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းနှင့် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်သန့်စင်ခြင်း လုပ်ငန်းများမှ ထွက်ပေါ်လာသော စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ခြင်း၊

(ဃ) အညစ်အကြေးစွန့်ပစ်ရေးနှင့် သန့်စင်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(စ) အခြားလိုအပ်သော ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၁၄။ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကိုဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရမည်။

၁၅။ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့် လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခုခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင် အထောက်အကူပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်း

(a) the use of agro-chemicals which cause to impact on the environment significantly;

(b) transport, storage, use, treatment and disposal of pollutants and hazardous substances in industries;

(c) disposal of wastes come out from exploration, production and treatment of minerals, industrial mineral raw materials and gems;

(d) carrying out waste disposal and sanitation works;

(e) carrying out development and constructions;

(f) carrying out other necessary matters relating to environmental pollution.

14. A person causing a point source of pollution shall treat, emit, discharge and deposit the substances which cause pollution in the environment in accord with stipulated environmental quality standards.

15. The owner or occupier of any business, material or place which causes a point source of pollution shall install or use an on-site facility or controlling equipment in order to monitor, control, manage, reduce or eliminate environmental

ကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုရမည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၁၆။ စက်မှုနယ်မြေရှိ လုပ်ငန်းကိုဖြစ်စေ၊ အထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းကိုဖြစ်စေ၊ ဝန်ကြီးဌာနက သတ်မှတ်သည့် လုပ်ငန်းအမျိုးအစားကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည်-

(က) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး၊ ပြုပြင်သန့်စင်ရေး အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာ စုပေါင်းအစီအမံတွင် သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်းထည့်ဝင်၍ ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ခ) သက်ဆိုင်ရာ စက်မှုနယ်မြေ၊ အထူးစီးပွားရေးဇုန်နှင့် လုပ်ငန်းအဖွဲ့အစည်းအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သတ်မှတ်သည့် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှု ကုန်ကျစရိတ်ကို ထည့်ဝင်ရမည်။

(ဂ) သက်ဆိုင်ရာစက်မှုနယ်မြေ၊ အထူးစီးပွားရေးဇုန် သို့မဟုတ် လုပ်ငန်းအလိုက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

pollution. If it is impracticable, it shall be arranged to dispose the wastes in accord with environmentally sound methods.

16. A person or organization operating business in the industrial estate or business in the special economic zone or category of business stipulated by the Ministry:

(a) is responsible to carry out by contributing the stipulated cash or kind in the relevant combined scheme for the environmental conservation including the management and treatment of waste;

(b) shall contribute the stipulated users charges or management fees for the environmental conservation according to the relevant industrial estate, special economic zone and business organization;

(c) shall comply with the directives issued for environnmental conservation according to the relevant industrial estate, special economic zone or business.

## အခန်း(၈)
## မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှု

၁၇။ ဝန်ကြီးဌာနသည် မြို့ပြဒေသပတ်ဝန်းကျင် စီမံခန့်ခွဲမှုများအတွက် ကော်မတီက ချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအား အောက်ပါကိစ္စရပ်များ ဆောင်ရွက်ရာတွင် လိုအပ်သလို အကြံပေးခြင်းပြုရမည်-

(က) ဇုန်နယ်မြေသတ်မှတ်ခြင်းအပါအဝင် မြေအသုံးချမှု စီမံကိန်းများချမှတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ခ) အချက်အချာကျသော မြို့ပြဒေသများရှိ တည်ဆောက်ရေးလုပ်ငန်းများကို စီမံခန့်ခွဲခြင်း၊

(ဂ) လူနေအိမ်ရာချထားမှု စီမံခန့်ခွဲခြင်း၊

(ဃ) စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲခြင်း၊

(င) မြေ၊ ရေ၊ လေ နှင့် အသံညစ်ညမ်းမှု အပါအဝင် ညစ်ညမ်းမှုများ ထိန်းချုပ်ခြင်း၊

(စ) အခြားလိုအပ်သော ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲခြင်း။

## Chapter VIII

## Management of Urban Environment

17. The Ministry shall, for the management of urban environment, advise as may be necessary to the relevant Government departments and Government organizations, private organizations and individuals in carrying out the following matters in accord with the guidances laid down by the Committee:

    (a) land use planning and management including zoning;

    (b) management of the construction industry in pivotal urban centres;

    (c) management of housing settlements;

    (d) management of wastes;

    (e) pollution control including land, water, air and noise pollution;

    (f) other necessary environmental management.

# အခန်း(၉)

# သဘာဝသယံဇာတ အရင်းအမြစ်များနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းခြင်း

၁၈။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အောက်ပါ သဘာဝသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ အကျိုးရှိစွာ အသုံးပြုခြင်း၊ စဉ်ဆက်မပြတ် အသုံးပြုခြင်း၊ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်-

(က) သစ်တောသယံဇာတအရင်းအမြစ်များ၊

(ခ) မြေသယံဇာတအရင်းအမြစ်များ၊

(ဂ) မြေအောက်ရေအပါအဝင် ရေချိုသယံဇာတအရင်းအမြစ်များ၊

(ဃ) ဓာတ်သတ္တုသယံဇာတအရင်းအမြစ်များ၊

(င) စိုက်ပျိုးရေးဆိုင်ရာအရင်းအမြစ်များ၊

(စ) ရေလုပ်ငန်းဆိုင်ရာသယံဇာတအရင်းအမြစ်များ၊

(ဆ) အဏ္ဏဝါဆိုင်ရာသယံဇာတအရင်းအမြစ်များ၊

(ဇ) သဘာဝအလျောက်ဖြစ်ပေါ်နေသော ဂေဟစနစ်များ၊

(ဈ) သဘာဝနယ်မြေများ၊ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် အခြားသဘာဝသယံဇာတ အရင်းအမြစ်များ။

# Chapter IX

# Conservation of Natural Resources and Cultural Heritages

18. The relevant Government departments and Government organizations shall, in accord with the guidance of the Union Government and the Committee, carry out the conservation, management, beneficial use, sustainable use and enhancement of regional cooperation of the following environmental natural resources:

(a) forest resources;

(b) land resources;

(c) fresh water resources including underground water;

(d) mineral resources;

(e) agricultural resources;

(f) fisheries resources;

(g) marine resources;

(h) natural ecosystems;

(i) natural areas, wildlife, natural plants and biological diversity;

(j) other natural resources stipulated by the Union Government.

၁၉။ ဝန်ကြီးဌာနသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ် ဒေသများ၊ သဘာဝအမွေအနှစ်ဒေသများ၊ ယဉ်ကျေးမှုအထိမ်းအမှတ် အဆောက်အအုံများနှင့် သဘာဝနယ်မြေများ အစဉ်တည်တံ့ခိုင်မြဲရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များတွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၀။ ဝန်ကြီးဌာနသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ပုဒ်မ ၁၈ နှင့် ၁၉ တို့ပါ ကိစ္စရပ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သောနည်းပညာများကို ပံ့ပိုးကူညီရမည်။

## အခန်း(၁၀)
## ကြိုတင်ခွင့်ပြုချက်

၂၁။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သည့် ပတ်ဝန်းကျင်အရည်အသွေးကို ထိခိုက်စေနိုင်သောလုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအမျိုးအစားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

၂၂။ ဝန်ကြီးဌာနက ပုဒ်မ ၂၁ အရ သတ်မှတ်သည့် လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအမျိုးအစား၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

19. The Ministry shall cooperate with the relevant Government departments and Government organizations in the matters of environmental conservation for perpetual existence of cultural heritage sites and natural heritage sites, cultural monuments and natural areas stipulated under any existing law.

20. The Ministry shall provide necessary technologies to the relevant Government departments and Government organizations in implementing the matters contained in sections 18 and 19.

## Chapter X
## Prior Permission

21. The Ministry may, with the approval of the Union Government, stipulate the categories of business, work-site or factory, work-shop which may cause impact on the environmental quality that requires to obtain the prior permission.

22. The owner or occupier of the category of business, work- site or factory, workshop stipulated by the Ministry under section 21 shall apply for the prior permission to the Ministry in accord with the stipulations.

၂၃။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် အညီ ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ပြီးနောက် စည်းကမ်းချက်များသတ်မှတ်၍ ကြိုတင် ခွင့်ပြုချက် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၄။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းက စစ်ဆေးရန် အကြောင်းကြားခြင်း ပြုနိုင်သည်။

၂၅။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်း ကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် ကြိုတင်ခွင့်ပြု ချက်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင် သည်-

(က) သတိပေးပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊ ခံဝန်ချက်ရေးထိုး စေခြင်း။

(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင် ရွက်စေခြင်း။

23. The Ministry may, after scrutinizing whether or not the application made under section 22 is in conformity with the stipulations, grant or refuse to issue the prior permission by stipulating terms and conditions.

24. The Ministry may, in issuing the prior permission, stipulate terms and conditions relating to environmental conservation. It may conduct inspection whether or not it is performed in conformity with such terms and conditions or inform the relevant Government departments, Government organizations to carry out inspections.

25. The Ministry may, if it is found that a holder of the prior permission fails to comply with any of the terms and conditions relating to environmental conservation contained in the prior permission, pass any of the following administrative penalties:

(a) causing to comply with in accord with the terms and conditions after warning, causing to sign the bond;

(b) causing to comply with in accord with the terms and conditions after paying a fine.

## အခန်း(၁၁)
## အာမခံ

၂၆။ ကြိုတင်ခွင့်ပြုချက်ရရှိသူသည် ပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်သည့် မတော်တဆဖြစ်မှု တစ်ခုခုအတွက် ယင်းတို့၏ လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံ အမျိုးအစားအလိုက် တည်ဆဲဥပဒေနှင့်အညီ အာမခံထားရှိရမည်။

၂၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၆ အရ အာမခံထားရမည့် လုပ်ငန်းကိုဆောင်ရွက်သော သက်ဆိုင်ရာလုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့်စပ်လျဉ်း၍ မြန်မာ့အာမခံလုပ်ငန်းက ပတ်ဝန်းကျင်ကို ထိခိုက်စေသည့် အတိုင်းအတာနှင့် အလားအလာကို သဘောထားမှတ်ချက် တောင်းခံလာလျှင် သဘောထား မှတ်ချက်ပေးရမည်။

## အခန်း(၁၂)
## တားမြစ်ချက်များ

၂၈။ မည်သူမျှ ဤဥပဒေအရ ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သည့် လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံကို ကြိုတင်ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၂၉။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

## Chapter XI

## Insurance

26. The holder of the prior permission shall effect insurance according to the category of his business, work-site or factory, workshop for any accident that may cause impact on the environment, in accord with the existing law.

27. The Ministry shall give the remark if it is requested by the Myanmar Insurance on the extent and potential environmental impact in respect of the business, department or organization which carries out the business to be insured under section 26.

## Chapter XII

## Prohibitions

28. No one shall, without the prior permission, operate business, work-site or factory, workshop which is required to obtain the prior permission under this Law.

29. No one shall violate any prohibition contained in the rules, notifications, orders, directives and procedures issued under this Law.

၃၀။ မည်သူမျှ ဝန်ကြီးဌာနက တားမြစ်ထားသော ပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း သို့မဟုတ် ရောင်းဝယ်ခြင်း မပြုရ။

## အခန်း(၁၃)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၁။ မည်သူမဆို ဤဥပဒေအရ ကြိုတင်ခွင့်ပြုချက် ရယူရန်လိုအပ်သည့် လုပ်ငန်း၊ လုပ်ငန်းခွင် နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံကို ကြိုတင်ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၂။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

30. No one shall, without permission of the Ministry, import, export, produce, store, carry or trade any material which causes impact on the environment prohibited by the Ministry.

## Chapter XIII
## Offences and Penalties

31. Whoever, without the prior premission, operates business, work-site or factory, workshop which is required to obtain the prior permission under this Law shall, on conviction, be punished with imprisonment for a term not exceeding three years, or with fine from a minimum of one hundred thousand kyats to a maximum of one million kyats,or with both.

32. Whoever violates any prohibition contained in the rules, notifications, orders, directives and procedures issued under this Law shall, on conviction, be punished with imprisonment for a term not exceeding one year, or with fine, or with both.

၃၃။ မည်သူမဆို-

(က) ပုဒ်မ ၃၂ အရ ပြစ်ဒဏ်စီရင်ခြင်းခံရလျှင် ယင်းပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးစေရန် အမိန့်ချမှတ်ခြင်း ခံရမည်။

(ခ) ပုဒ်မခွဲ(က)အရ အမိန့်ချမှတ်ခြင်းခံရလျှင် ပေးလျော်ရမည့် လျော်ကြေးငွေကိုပေးရန် ပျက်ကွက်ပါက တည်ဆဲအခွန်၊ အခဥပဒေများနှင့်အညီ အရကောက်ခံရမည်။

၃၄။ မည်သူမဆို ပတ်ဝန်းကျင်ကို ထိခိုက်စေသည့်အတွက် ဝန်ကြီးဌာနက တားမြစ်ထားသော ပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့ တင်သွင်းကြောင်း၊ ပြည်ပသို့ တင်ပို့ကြောင်း၊ ထုတ်လုပ်ကြောင်း၊ သိုလှောင်ကြောင်း၊ သယ်ယူကြောင်း သို့မဟုတ် ရောင်းဝယ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ် အထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ် သိန်းနှစ်ဆယ် အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခံရမည်။ ထို့အပြင် ယင်းပစ္စည်းအား ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေသော အဆင့်အထိ ပြုပြင်ပြောင်းလဲ စွန့်ပစ်ရန် အတွက် ကုန်ကျသောစရိတ်ကို ထိုသူက ကျခံစေရမည်။

33. Whoever shall:

(a) if convited under section 32, be passed an order to compensate for damage due to such act or omission;

(b) if ordered under sub-section (a), and fails to pay the compensation to be paid, be recovered in accord with the existing revenue laws.

34. Whoever imports, exports, produces, stores, carries or trades any material prohibited by the Ministry due to its impact on environment shall, on conviction, be punished with imprisonment for a term from a minimum of three years to a maximum of five years, or with fine from a minimum of one hundred thousand kyats to a maximum of two million kyats, or with both. Moreover, he shall incur the expenditure for the treatment and disposal of such material until the process that has no impact on the environment.

# အခန်း(၁၄)

# အထွေထွေ

၃၅။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၃၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အစိုးရဌာန အဖွဲ့အစည်းနှင့် ပုဂ္ဂလိကလုပ်ငန်း တစ်ခုခုအား နိုင်ငံတော်နှင့် ပြည်သူအကျိုးငှာ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ ခွင့်ပြုနိုင်သည်။

၃၇။ ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာချက်အရ တစ်စုံတစ်ရာ ဆောင်ရွက်ရခြင်းကြောင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးသည် ကုန်ကျစရိတ်များ ကျခံခဲ့ရလျှင် ယင်းကုန်ကျစရိတ်များကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေမှ တောင်းခံခွင့်ရှိသည်။

၃၈။ ကြိုတင်ခွင့်ပြုချက် ရယူရန်လိုအပ်သည့် လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအမျိုးအစားကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ထုတ်ပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းသည် ဤဥပဒေအရ ကြိုတင်ခွင့်ပြုချက် ရရှိထားသော လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံကိုသာ လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင် ထုတ်ပေးရမည်။

# Chapter XIV

## Miscellaneous

35. In prosecuting an offender under this Law, prior sanction of the Ministry shall be obtained.

36. The Ministry may, with the approval of the Union Government, exempt or relieve any Government department, organization or private business from complying with any provision contained in this Law for the interests of the Union and its people.

37. If any Government department, organization or individual incurs the expenditures for any action due to the declaration of environmental emergency, such expenditures are entitled to claim from the environmental management fund.

38. The relevant Government department, Government organization authorized to issue licence, permit or register for enabling operation of category of business, work-site or factory, workshop which is required to obtain the prior permission shall issue such licence, permit, or register only to the business, work-site or factory, workshop which has obtained the prior permission under this Law.

၃၉။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ စီမံခန့်ခွဲမှုဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း ခံရသည့် ကြိုတင်ခွင့်ပြုချက်ရရှိသူက စည်းကမ်းချက်နှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်းမပြုလျှင် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအတွက် လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင် ထုတ်ပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ(က)အရ အကြောင်းကြားချက်ကို လက်ခံရရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းသည် လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး ကြိုတင်ခွင့်ပြုချက်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ထုတ်ပေးထားသော လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုနိုင်သည်။

၄၀။ ပုဒ်မ ၃၂ ပါ ပြစ်မှုကို ရဲအရေးယူ ပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၁။ ဤဥပဒေ မပြဋ္ဌာန်းမီ ထုတ်ပြန်ခဲ့သော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

39. (a) The Ministry shall, if the person obtained the prior permission who was imposed with administrative penalty under section 25 fails to comply with the terms and conditions, inform the relevant Government department, Government organization authorized to issue licence, permit or register for the relevant business, work-site or factory, workshop to enable to take action as may be necessary.

(b) The Government department, Government organization received information under sub-section (a) may, after making necessary inquiries if it is found that any terms and conditions of environmental conservation contained in the prior permission is not complied with, cancel the issued licence, permit or register or suspend it for a limited period.

40. The offence contained in section 32 is determined as the cognizable offence.

41. The provisions relating to environmental conservation contained in the laws, rules, orders, directives and procedures issued before the enactment of this Law shall remain in force unless it is contrary to the provisions contained in this Law.

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

42. In implementing the provisions contained in this Law:

(a) the Ministry may issue necessary rules, regulations and by-laws with the approval of the Union Government;

(b) the Committee and the Ministry may issue necessary notifications, orders, directives and procedures.

I hereby sign under the Constitution of the Republic of the Union of Myanmar.

(Sd.) Thein Sein

President of the Union

Republic of the Union of Myanmar

**Published with the support from**

UN-HABITAT
UNITED NATIONS HUMAN SETTLEMENTS PROGRAMME

NORWEGIAN MINISTRY
OF FOREIGN AFFAIRS